# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.10
October 2025


## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်သည့် ၁၄ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်း



### စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကော်မရှင်စတင်တည်ထောင်ခြင်း ၁၄ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၊ ကော်မရှင်ရုံး Conference Room တွင် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၅-၉-၂၀၁၁ ရက်စွဲပါရုံးအမိန့်အမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယနေ့ ၅-၉-၂၀၂၅ ရက်နေ့တွင် ၁၄ နှစ်မြောက် ဆင်နွှဲရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ကော်မရှင်စတင်ဖွဲ့စည်း တည်ထောင်သည့်နေ့မှစ၍ ကော်မရှင်၏ အဓိကလုပ်ငန်းတာဝန်များ ဖြစ်သည့် လူ့အခွင့်အရေးကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်

စာ ၂



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း

စာ ၅



၂၀၂၆ လုပ်ငန်းစီမံချက် (Operational Plan ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

စာ ၅



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျောက်တန်းမြို့နယ်ရှိမြို့မရဲစခန်းအချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၈



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဦးကျော်မြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၀



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

https://mnhrc.org.mm/publication/e-Newsletter

ခြင်းလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်လာခဲ့ပါကြောင်း၊ ကော်မရှင်ဖွဲ့စည်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအပါအဝင် ကော်မရှင်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ပါကြောင်း၊ကော်မရှင်သက်တမ်း၁၄နှစ်တာကာလအတွင်း အားထုတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူအားလုံးကိုမှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ကော်မရှင်၏ရည်ရွယ်ချက်သည် လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးဖြစ်ရာ တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းဖြင့် စုပေါင်း လုပ်ကိုင်မှသာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ကော်မရှင်သည်ချမှတ်ထားသည့် ရေ့လုပ်ငန်းစဉ်မူဘောင်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက်တို့ဖြင့် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပါသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း) ဦးဝင်းမြ၊ ကော်မရှင်အဖွဲ့ဝင် (ငြိမ်း)များဖြစ်ကြသည့် ဦးညွန့်တင်နှင့် ဒေါက်တာ ဒေါ်တင်မေထွန်းတို့က ဂုဏ်ယူဝမ်းမြောက် စကားပြောကြားကြပါသည်။ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း)၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ ကော်မရှင်အဖွဲ့ဝင် (ငြိမ်း)များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း



စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် CPU အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ( ၈၃ ) ဦး တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာ စကားပြောကြားရာ၌ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အုပ်ချုပ်ရေးကဏ္ဍအသီးသီး၌ ပုံစံအမျိုးမျိုးနှင့် အဂတိလိုက်စားမှုဖြစ်စဉ်များ ဖြစ်ပေါ်နေသည်ကို ကြားသိနေကြရကြောင်း၊ အဂတိလိုက်စားမှုသည် နိုင်ငံတော်တည်ဆောက်မှုကဏ္ဍများတွင် များစွာထိခိုက်နစ်နာ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံသားတို့၏အခွင့်အရေးများကိုလည်းထိခိုက်နစ်နာစေပါကြောင်း၊ အဂတိလိုက်စားမှု၏ဆိုးရွားသောအကျိုးဆက်များကြောင့်ကမ္ဘာနှင့်အဝန်းတိုက်ဖျက်ကြရန် ကုလသမဂ္ဂကွန်ဗန်းရှင်းတစ်ရပ်ကို၂၀၀၃ခုနှစ်တွင်ချမှတ်ထားသကဲ့သို့မိမိတို့နိုင်ငံတော်အနေနဲ့လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းကာပိုမိုထိရောက်စွာတားဆီးနှိမ်နင်းခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်နေသည်ကိုတွေ့ရှိကြရပါကြောင်း၊ယနေ့ကျင်းပပြုလုပ်သောအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးမှုများသည် ကော်မရှင်ဝန်ထမ်းများကို အဂတိတိုက်ဖျက်ရေးဆိုင်ရာအသိအမြင်များကိုရရှိခြင်း၊ အဂတိကင်းသော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေးအတွက်လူ့အခွင့်အရေးအခြေခံဖြင့် ပေါင်းစပ်ဖော်ဆောင်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်ဦးကျော်ဝင်းသိန်းကအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ အသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်းဖြင့်အများပြည်သူ ဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများ အနေဖြင့်

e-Newsletter, Vol. 4, No. 10, October 2025

အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်နှင့် သဘောသဘာဝများကို သိရှိရှောင်ကြဉ်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှ စ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပါကြောင်း၊ အဂတိလိုက်စားမှုကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်း ဖန်တီးဖော်ဆောင်နိုင်စေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေး အတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိရောက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များဖြစ်ရန် ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ပါသည်။




## ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပခြင်း



စက်တင်ဘာလ ၁၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ၁၂-၉-၂၀၂၅ ရက်နေ့၊ ၁၀:၀၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ (၇၇)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပါသည်။ ဆက်လက်၍ ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကျင်းပရေး လုပ်ငန်းကော်မတီများအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြပြီး ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားပါသည်။

ထို့နောက် ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



စက်တင်ဘာလ ၃ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၉/၂၀၂၅)ကို ၃-၉-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီအလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင် အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း





စက်တင်ဘာလ ၂၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ကို ၂၄-၉-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေး ခဲ့ကြပါသည်။

---

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) သို့တက်ရောက်ခြင်း





စက်တင်ဘာလ ၄ ရက်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင် ပြုလုပ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) ကို ၄-၉-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၈)၊ အစီရင်ခံမှ ခန်းမ၌ ကျင်းပပြုလုပ် ခဲ့ရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက Online မှ တစ်ဆင့် တက်ရောက်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မရှင်၏ လက်ရှိ ဆောင်

ရှက်နေသော လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပါသည်။

## ၂၀၂၆ လုပ်ငန်းစီမံချက် (Operational Plan ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



စက်တင်ဘာလ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ၂၀၂၆ ခုနှစ်၊ လုပ်ငန်းစီမံချက် (Operational Plan) ရေးသားပြုစုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေး အစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်း နှင့် ဌာနတာဝန်ခံများက ဌာနအလိုက် ၂၀၂၆ ခုနှစ်၊ လုပ်ငန်းစီမံချက် (Operational Plan ) ရေးဆွဲဆောင်ရွက်နေမှုများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က အကြံပြု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ၁၅:၅၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## သဝဏ်လွှာနှင့်မိန့်ခွန်းများပြုစုရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ သဝဏ်လွှာနှင့်မိန့်ခွန်းများ ပြုစုရေး အဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။အစည်းအဝေးအစီအစဉ်အရသဝဏ်လွှာနှင့်မိန့်ခွန်းများပြုစုရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင်၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၅:၁၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျောက်တန်းမြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း



စက်တင်ဘာလ ၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ဦးတင်ကိုကိုတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၄-၉-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်း ဘိုးဘွားရိပ်သာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျောက်တန်းမြို့ မြို့မရဲစခန်းအချုပ်ခန်းနှင့် မြို့နယ်တရားရုံး အချုပ်ခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် မိလ္လာသုံးစွဲမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျောက်တန်း ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေး လျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင်သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ အစားအစာနှင့်အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်နိုင်မှုအခြေအနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေ၊ စိတ်အပန်းဖြေမှုရရှိအောင်စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဘိုးဘွားများအား အခါအားလျော်စွာ နှစ်သိမ့်ဆွေးနွေးမှုများအားပြုလုပ်ပေးခြင်း ရှိ မရှိ အခြေအနေ၊ ပင်စင်ရအဘိုး၊အဘွားများအနေဖြင့် ပင်စင်လစာထုတ်ယူမှုအဆင်ပြေခြင်း ရှိ မရှိ အခြေအနေနှင့် အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ဘိုးဘွားရိပ်သာ၌လက်ခံစောင့်ရှောက်ထားသော အဘိုး၊ အဘွား စုစုပေါင်း (၂၂) ဦးအား နွေးထွေးပျူငှာစွာ အားပေးစကားများ ပြောကြားခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေ နှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။



## ကော်မရှင်ရုံး၏ လုပ်သက်ပြည့်မီသည့် အရာထမ်း/အမှုထမ်းများအား ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း



စက်တင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လုပ်သက်ပြည့်မီသည့် လက်ထောက်ညွှန်ကြားရေးမှူး၊ဒုတိယလူ့အခွင့်အရေးဦးစီးမှူး၊အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေးများ ရာထူးတိုးမြှင့်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ၂၉-၉-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန် Conference Room တွင်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ရေး အရည်အချင်း စစ်ဆေးရေး အဖွဲ့ဝင်များဖြစ်ကြသော ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်အောင်၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်ကိုကို၊ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အရည်အချင်းစစ်ဆေးရေးအဖွဲ့တွင်ပါဝင်သည့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် အရည်အချင်းစစ်ဆေးရေးအဖွဲ့အား အထောက်အကူပြုသည့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။ အစည်းအဝေးအစီအစဉ်အရ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် စီမံရေးရာနှင့်ဘဏ္ဍာရေး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူး

ဦးရဲနောင်လွင်က ရာထူးတိုးမြှင့်ခြင်းတွင် ဝင်ရောက်ဖြေဆိုမည့် အရာထမ်း၊ အမှုထမ်းများစာရင်း၊ လိုအပ်သည့် အမှတ်ပေးဇယားများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် အရည်အချင်းစစ်ဆေးရေးအဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဖြစ်ကြသည့်ဒေါက်တာ မြင့်သူမြိုင်နှင့် ဦးတင်ကိုကို၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရည်အချင်းစစ်ဆေးရေးအဖွဲ့ တွင်ပါဝင်သည့် ညွှန်ကြားရေးမှူးတို့က လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၅:၅၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းများနှင့် စက်တော်ရာဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း





စက်တင်ဘာလ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၉-၉-၂၀၂၅ ရက်နေ့မှ ၁၀-၉-၂၀၂၅ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ရှိ ပုသိမ်အကျဉ်းထောင်၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ပုသိမ်မြို့ရှိရဲစခန်းအချုပ် ခန်းများအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်ပုသိမ်အကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံပြီး အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူတစ်ဦး၏အနိမ့်ဆုံးရရှိရမည့်အခွင့်အရေးများရရှိခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေ အနေ၊ သန့်ရှင်းသောသောက်ရေ ပေးဝေမှုနှင့်ချိုးရေ၊သုံးရေလုံလောက်စွာရရှိစေရန်ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးခြင်း၊ တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။ထို့ပြင်အကျဉ်းသား / သူ များ အား အ ကျ ဉ်း ထော င် ဝ န် ထ မ်း များ က လည်းကောင်း၊အကျဉ်းသား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး ထောင်ဝင်စာ လာရောက်တွေ့ဆုံသည့် အကျဉ်းသား မိသားစု ဝင် (၂၈) ဦးတို့ကိုတွေ့ဆုံ၍ အကျဉ်းသားနှင့်တွေ့ဆုံရာတွင် အခက်အခဲ ရှိ/ မရှိ၊ အကျဉ်းသား အတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှုရှိ/မရှိစသည်တို့ကို တွေ့ဆုံမေးမြန်းပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ (၁၅) ဦးကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

ဆ က် လ က် ၍ အ ကျ ဉ်း သား / အ ကျ ဉ်း သူ ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံဆောင်၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာတွေ့ဆုံသည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး

အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတ ရဖွယ်စာအုပ်စာပေများကိုကော်မရှင်မှလှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည်စက်တော်ရာ ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေး လျက်ရှိသော ဘိုးဘွားများအားအိပ်ဆောင်များတွင်သွားရောက်တွေ့ဆုံ ပြီး အခြေခံလူ့အခွင့်အရေးဖြစ်သောလွတ်လပ်မှု၊မျှတမှုရှိ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် အညီလူသားချင်းစာနာထောက်ထားမှုကိုအခြေခံ၍စောင့် ရှောက်ထားခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးရာတွင် ဘိုးဘွားများအား ကျန်းမာရေး စောင့် ရှောက် ပေးနေမှုအခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ် နိုင်မှုအခြေ အနေ၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင် ရွက်ထားရှိမှုအခြေအနေ၊ဘိုးဘွားများအနားယူအပန်းဖြေ ရန် စီစဉ်ဆောင်ရွက်ပေးထားမှု အခြေအနေနှင့် အသက် (၈၅)နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေးရရှိရေး၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများ၏ပင်စင်လစာထုတ်ယူရရှိရေးဆောင်ရွက် ပေးမှုအခြေအနေနှင့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုး ရရှိရေး စီစဉ်ဆောင်ရွက် ပေးထားမှုများကို ကြည့်ရှုစစ် ဆေးခဲ့ပြီး ရိပ်သာ၌ လက်ခံစောင့် ရှောက်ထားသော အဘိုး အဘွား စုစုပေါင်း (၄၁) ဦးအား နွေးထွေးပျူငှာစွာ အားပေး စကားများ ပြောကြားခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ပုသိမ်မြို့မရဲစခန်း အချုပ်ခန်းနှင့် နယ်မြေရဲစခန်း အချုပ်ခန်းတို့အား ဝင် ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလ အခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ် ကာလအတွင်း ညှဉ်းပန်း နှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စား သောက်ရေးစီစဉ်ပေးမှုအခြေအနေ၊ အချုပ်ခန်း အတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေ အနေ၊ တရားရုံးထုတ်စဉ် မိသားစု ဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အား အချုပ် သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော် သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန များသို့ ကော်မရှင်ဥပဒေနှင့် အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း





စက်တင်ဘာလ ၁၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှု စစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့် အညီ ၁၇-၉-၂၀၂၅ ရက်နေ့နှင့် ၁၈-၉-၂၀၂၅ ရက်နေ့များတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ရှိ ရမည်းသင်းအကျဉ်းထောင်၊ မြို့မရဲ စခန်းအချုပ်ခန်းနှင့် နေပြည်တော်၊ တပ်ကုန်းမြို့ရှိ

ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၁၇-၉-၂၀၂၅ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရမည်းသင်းအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများရရှိခြင်း ရှိ မရှိနှင့် စပ်လျဉ်းသည့် နေထိုင်စားသောက်မှုအခြေအနေ၊ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေ၊ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေ ပေးဝေမှုနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှု အခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ လက်ခံရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှုအခြေအနေ၊ ယုံကြည်ရာ ကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှုအခြေအနေတို့ကို မေးမြန်းပြီး အကျဉ်းသား/သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်း နှိပ်စက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာလာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာ အခကြေးငွေ အခဲ ရှိ/ မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှု ရှိ/ မရှိ စသည်တို့ ကို မေးမြန်းပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/အကျဉ်းသူ၊ အချုပ် သား/ အချုပ်သူ (၃) ဦးကို မေးမြန်းမှတ်တမ်းတင်ခဲ့ပြီး ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုများကိုလည်း လိုက်လံစစ်ဆေးခဲ့ပါသည်။

၁၈-၉-၂၀၂၅ ရက်နေ့တွင် အကျဉ်းဦးစီးဌာန၊ ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းများအား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်အလိုက် စုစည်း တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေ၊မိသားစုလာရောက်တွေ့ဆုံနိုင်မှုအခြေအနေ၊လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာရေးကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊အချိန်ပိုအလုပ်ဆင်းစေမှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ကာ သီးခြားတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား (၇) ဦးတို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့ပြီး အကျဉ်းသား/အကျဉ်းသူ၊အချုပ်သား/အချုပ်သူများ၏အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံခန်း၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေ/ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာတွေ့ဆုံ သည့်နေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည့်အပြင် ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်း လိုက်လံစစ်ဆေးခဲ့ပါသည်။

ရမည်းသင်းအကျဉ်းထောင်၊ ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက်ဗဟုသုတရဖွယ်စာအုပ်စာပေများကိုကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရမည်းသင်းမြို့မ ရဲစခန်းအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု အခြေအနေ၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်းစားသောက်ရေးစီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင် ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့အားအချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်း ပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့် အညီ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း






စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်သည် ၂၅-၉-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီအချိန်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်ပြုလုပ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမ စိစစ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို Video Conferencing System ဖြင့်တက်ရောက်ခဲ့ပါသည်။

---

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



စက်တင်ဘာလ ၂၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲအမှတ်စဉ်(၉/၂၀၂၅)အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ၁၃:၀၀ နာရီ အချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါ သည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသောနေပြည်တော်၊မန္တလေးနှင့် ပုသိမ်တို့ရှိအရာထမ်း/အမှုထမ်းများက ယင်းတို့၏လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်းအခမ်းအနားသို့ကော်မရှင်ရုံးအရာထမ်း/အမှုထမ်း(၇၄)ဦးတက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၃၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



စက်တင်ဘာလ ၁၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ကော်မရှင်သည်လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ

ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော မှုခင်းမှတ်တမ်း (အရာရှိ) သင်တန်းအမှတ်စဉ် (၂၀ /၂၀၂၅) နှင့် အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၄ /၂၀၂၅) တို့သို့ ၁၁-၉-၂၀၂၅ ရက်နေ့၊ ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်နှင့် ၁၂:၃၀ နာရီမှ ၁၄:၅၀ နာရီအချိန်တို့တွင် လူ့အခွင့် အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းများတွင် လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့်သင်ခန်းစာများပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂၃၃ ဦး၊ သင်တန်းသူ ၅၁ ဦး၊ စုစုပေါင်း သင်တန်းသား ၂၈၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



စက်တင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲ ထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ ဖွင့်လှစ်လျက်ရှိသော မြို့နယ်ရဲတပ်ဖွဲ့မှူး သင်တန်းအမှတ်စဉ် (၆၆/၂၀၂၅) သို့ ၂၅-၉-၂၀၂၅ ရက်နေ့၊ ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၂၅)

စက်တင်ဘာလ ၂၁ ရက်

လူသားတို့အပေါ်ဆင်းရဲဒုက္ခကျရောက်စေခဲ့သောကမ္ဘာစစ်ကြီးများနှင့်ပဋိပက္ခများ၏ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုဖော်ဆောင်ရန် အလို့ငှာ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပိုမို ထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) အဖြစ် သတ်မှတ်ခဲ့

ပါသည်။

လူသားအားလုံး၏ဘဝ ဘေးကင်းလုံခြုံစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် လူတိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ဖော်ပြထားသကဲ့သို့လူ့အခွင့်အရေးအားလုံးကိုရရှိခံစားနိုင်ရန်အတွက်ငြိမ်းချမ်းရေးမရှိမဖြစ်လိုအပ်ကြောင်းကို United Nations Declaration on the Right to Peace (2016) ၌ ဖော်ပြထားပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် (၁၆) (UN Sustainable Development Goal – 16 ) ပါ "ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တည်ဆောက်ရေး" ကို နိုင်ငံအသီးသီးက အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံတွင်လည်း တရားမျှတမှုအပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး အတွက် ကြိုးပမ်းဆောင်ရွက်ချက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုအတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

၂၀၂၅ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ဆောင်ပုဒ်မှာ "Act Now for a Peaceful World – ငြိမ်းချမ်းတဲ့ ကမ္ဘာဖြစ်စေဖို့ ယခုကစဆောင်ရွက်စို့" ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံး အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တ နေကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းကလည်း တာဝန်သိသိ အသိတရားရှိရှိနှင့် မိမိတို့ဆောင်ရွက်သင့်သည့် ကဏ္ဍများကိုကြိုးပမ်းစွမ်းဆောင်ပေးကြခြင်းဖြင့် ကမ္ဘာ့လူသားအားလုံး၏ငြိမ်းချမ်းရေးဆိုင်ရာအခွင့်အရေးကိုရရှိခံစားနိုင်ရန် ယခုမှစ၍အားလုံးပါဝင်ဆောင်ရွက်ကြပါဟုတိုက်တွန်းလျက်အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အားဂုဏ်ပြုအပ်ပါသည်။

## ကော်မရှင်ရုံးချုပ်(ရန်ကုန်)တွင် ခန့်ထားနိုင်ရေး ရုံးအကူများ လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခြင်း



စက်တင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံးမှ လစ်လပ်လျက်ရှိသည့် ရုံးအကူ ရာထူးနေရာများ အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကော်မရှင် ရုံးချုပ်၊ (ရန်ကုန်) တွင်ခန့်အပ်နိုင်ရေး အရည်အချင်းစစ်ဆေးခြင်းကို ၂၂-၉-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီ အချိန် Conference Room ဆောင်ရွက်ခဲ့ပါသည်။ လူတွေ့ ဖြေဆိုအောင်မြင်သည့် ရုံးအကူကို ကော်မရှင် ရုံး လုပ်ထုံးလုပ်နည်း များနှင့်အညီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ခန့်အပ်သွားမည်ဖြစ်ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချခြင်း



စက်တင်ဘာလ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို

အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၀) သို့ ၁၀-၉-၂၀၂၅ ရက်နေ့ ၀၇:၃၀ နာရီမှ ၁၁:၂၀ နာရီအချိန်အထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။အဆိုပါသင်တန်းတွင်သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၃၆၁ ဦး၊ စုစုပေါင်း သင်တန်းသားဦးရေ ၃၉၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချခြင်း



စက်တင်ဘာလ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲ ထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက် ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည်သက်ကြီးရွယ်အိုများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း)တွင်ဖွင့်လှစ်လျက်ရှိသည့် “သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်သူ (Care Giver) သင်တန်းအမှတ်စဉ် (၁၈)” သို့ ၃-၉-၂၀၂၅ ရက်နေ့၊ ၀၉:၀၀ နာရီမှ ၁၆:၀၀ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းနှင့် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၂ ဦး၊ သင်တန်းသူ ၉ ဦး စုစုပေါင်း သင်တန်းသား ၁၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း

စက်တင်ဘာလ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက် ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော စုံစမ်းရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၈) သို့ ၁၆-၉-၂၀၂၅ ရက်နေ့တွင် ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးစံတန်ဖိုးများဘာသာရပ်သင်ခန်းစာသွားရောက်ပို့ချခဲ့ပါသည်။သင်တန်းတွင်သင်တန်းသား၁၈ဦး၊သင်တန်းသူ ၁ ဦး၊ စုစုပေါင်း သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## Learning Call on IHL သင်တန်းသို့ တက်ရောက်ခြင်း

စက်တင်ဘာလ ၈ ရက်

၈-၉-၂၀၂၅ ရက်နေ့တွင် Online ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် “Learning Call on IHL: Convergence Points between State-led National IHL Committees and NHRIs” သင်တန်းသို့ ဥပဒေရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်အေးစန္ဒာမြင့် တက်ရောက်ခဲ့ပါသည်။

## Consultation in Conjunction with the 2025 SUHAKAM Day Celebration: အခမ်းအနားသို့ တက်ရောက်ခြင်း

စက်တင်ဘာလ ၉ ရက်

၉-၉-၂၀၂၅ ရက်နေ့တွင် Online ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် “Consultation in Conjunction with the 2025 SUHAKAM Day Celebration: Strengthening of SUHAKAM through the 2026 Re-Accreditation Process” အခမ်းအနားသို့ ဥပဒေရေးရာဌာနမှ ဦးစီးအရာရှိ ဦးရဲထွန်းနိုင် တက်ရောက်ခဲ့ပါသည်။

## မယုံနိုင်ရင်တောင်မှ ငြင်းပယ်လို့ ရပါ့မလား (ဆောင်းပါး)

### ဦးငွေမင်းထွန်း

လူတိုင်းရဲ့ နားထဲမှာ ဖရဏာ ပီတိဂွမ်းဆီထိအောင် ကြားလိုကြတာက နုပျိုခြင်းဆိုတဲ့ စကားလုံးပါပဲ။ “နုတယ်နော်၊ အရွယ်တင် လှပတယ်” ဆိုတဲ့ စကားကို ထပ်ခါထပ်ခါ ဘယ်လောက် ပင်ပြောပြော စိတ်မဆိုးဘဲ ကျေနပ်ကြတာ လူ့သဘာဝပါ။ ဒါပေမဲ့ နုပျိုခြင်းရဲ့ နောက်ကွယ်မှာ ကပ်လျက်ပါလာတာကတော့ “နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုမင်းနောက်ဆုံးရှိချေ၏” ဆိုတဲ့ အတိုင်း အသက်အရွယ်ကြီးပြီး အိုမင်းလာမည်မှာ အမှန်ပင်ဖြစ်သည်။ အသက်အရွယ်ကြီး၍ အိုမင်းလာခဲ့လျှင် မြန်မာ့ဒေသိယ အခေါ်အဝေါ်အရ “အိုမင်း”၏ နောက်ဆက်တွဲ စကားဆက်အဖြစ် ယှဉ်လျက်ပါလာသည်က “မစွမ်း”ဆိုသည့် စကားလုံးပင်ဖြစ်သည်။ “အိုမင်းမစွမ်း”တဲ့ မှန်တာပေ့ါ ဒီစကားလုံးလေးက လေးလုံးထဲပင်ဆိုပေမဲ့ အတိုင်းအတာကတော့ အတော်ပင်သွားသည်ဟု ဆိုရပေမည်။ လူတိုင်းကပျိုရွယ်စဉ်ကအလွယ်တကူ စွမ်းဆောင်နိုင်သည်များပင်လျှင် အိုလာလျှင်အလွယ်တကူမစွမ်းဆောင်နိုင်တော့ပေ။ ငယ်စဉ်ထဲက ပေ့ါပါးစွာ ကိုင်တွယ်လာခဲ့သော ခဲတံနှင့် ဖောင်တိန်ပင်လျှင် သက်ရွယ်ကြီး အိုမင်းလာသောအခါ ပျိုရွယ်စဉ်ကလို လက်ထဲတွင် ကျင်လည်စွာ ကိုင်တွယ်နိုင်ရန်အခက်အခဲဖြစ်လာနိုင်သည်။ သွားလိုရာ တက်ကြွစွာ လှမ်းခဲ့သော ခြေတစ်စုံပင်လျှင်စိတ်သွားတိုင်း ကိုယ်ပါ လိုရာကို မလိုက်နိုင်တော့ပေ။ ထို့ကြောင့်သက်ရွယ်ကြီးလာလျှင် အနားမှာ စောင့်ကြည့်ပြုစုမည့်သူ လိုသည်ဆိုသော စကားများ ထွက်လာခဲ့ရခြင်းပင်ဖြစ်သည်။ စိတ်ပျိုလျှင် ကိုယ်နုသည်ဆိုသောစကားပုံရှိပေမဲ့ပြောင်းလဲလာတဲ့ ခန္ဓာကိုယ်ကတော့ ဖြစ်ပျက်ခြင်းများနှင့်နုပျိုနေနိုင်မည်မဟုတ်ချေ။

နုပျိုခြင်းကနေ သက်ရွယ်ကြီး အိုမင်းတဲ့အကြောင်းတွေထိစလာခဲ့တော့ သက်ကြီးရွယ်အိုဆိုတာ ဘာလဲ သိဖို့ လိုပါလိမ့်မည်။ သက်ကြီးရွယ်အိုဆိုကာ ယနေ့ လူတစ်ယောက်အသက် ၆၀ ကျော်သွားလျှင် သက်ကြီးရွယ်အို ဘဝ ရောက်ရှိသွားသည်ဟု တစ်ကမ္ဘာလုံးက လက်ခံထားကြသည်။ နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်း အလုပ်ကို အသက် ၆၀ ကျော်သွားလျှင် ခြွင်းချက်အချို့မှအပ အနားယူ အငြိမ်းစားပေးလိုက်ကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် သက်ရွယ်ကြီးသူများ၏ လုပ်ကိုင်နိုင်စွမ်းကို တန်ဖိုးထားသောအားဖြင့် အသက် ၆၂ နှစ်အထိ တာဝန်ထမ်းဆောင်ခွင့်ပြုထားပါသည်။ အသက် ၆၅ နှစ်အထိ ခွင့်ပြုထားသော နိုင်ငံအချို့လည်းရှိပါသည်။ ပုဂ္ဂလိကလုပ်ငန်းများတွင် အသက်တိကျစွာ သတ်မှတ်ထားခြင်း မရှိဘဲ စွမ်းနိုင်သရွေ့ လုပ်ကိုင်မှုကို ကျေနပ်နေသေးသမျှ ဆက်လက်လုပ်ကိုင်နိုင်ကြသည်။ သို့သော် ရိုးရာယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အခြားသော လူမှုရေးနယ်ပယ်များတွင် အသက် ၆၀ နီးပါး

သို့မဟုတ် အသက် ၆၀ ကျော်များကို လူအိုများဟု စာရင်းသွင်းပြောဆိုဆက်ဆံခံလာကြရပြီဖြစ်သည်။ ထိုသို့ သတ်မှတ်ခြင်းခံလာရကြရသဖြင့် အသက် ၆၀ ကျော် ပုဂ္ဂိုလ်များသည် လူမှုရေး အထီးကျန်ဆန်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆင်းရဲ ပင်ပန်းမှု တို့ကို ရင်ဆိုင်လာခဲ့ကြရသည်။ အခြားသော စိန်ခေါ်မှုများစွာတို့အတွက်ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့ခံစားနေရသည့် အထီးကျန်ပစ်ပယ်ထားခြင်းတို့ကို လူ့အဖွဲ့အစည်းကိုသိရှိလှုံ့ဆော်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကို အောက်တိုဘာလ ၁ ရက်နေ့တိုင်းတွင် နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့ ၂၀၂၄ ခုနှစ်တွင် ၃၂ နှစ်အထိ ရှိပြီ ဖြစ်သည်။ ယနေ့ ခန့်မှန်းချက်များအရ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၉၀၀ ကျော်အနက် အသက် ၆၀ ကျော် သက်ကြီးရွယ်အိုများဦးရေ ၇၀၃ သန်းကျော်ရှိသည်။ သက်ကြီးရွယ်အိုများသည် မလွန်ဆန် နိုင်သော ဇရာ၏ သဘောအရ အိုမင်းလာခဲ့ကြရသော်လည်း ယင်းတို့၌ ဘဝနှင့် ရင်းလာခဲ့ရသော အဖိုးတန်အတွေ့အကြုံ အသိပညာများစွာ ရှိသဖြင့် သက်ကြီးသူများပြားလာမှုသည် မြန်မာ့ဓလေ့ ထုံးစံအရ မင်္ဂလာတစ်ပါးပင်ဖြစ်သော်လည်း ကမ္ဘာပေါ်တွင် ယင်းတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအရပ်ရပ်တွင် ရင်လေးဖွယ်ကိစ္စကြီးတစ်ခု ဖြစ်လာသည်။ “ဇာတိရင်းခံ၊ ရုပ်နှင့်နာမ်ကား၊ တရံမရှိ၊ အိုနာဖိ၍၊ စိုးတစိမျှ၊ သုခမရ၊ ဆင်းရဲစွာတည့်၊ မရှိလုံးလုံး၊ ဒုက္ခဖုံး၍ ဝဋ်ထုံးမှန်စွာ ဤခန္ဓာကား၊ ဖန်လာနှောင်နှောင်း၊ ကြောက်ဖွယ်ကောင်း၏” ဆိုသော လင်္ကာအရ သက်ရွယ်ကြီး လာလျှင် ရင်ဆိုင်ရမည့်ကျန်းမာရေးကိစ္စနှင့် မစွမ်းဆောင်နိုင်ခြင်းတို့ကို ဖော်ပြထားသည်။ စိတ်သွား တိုင်းကိုယ်မပါ၊ တကယ်ကြွစွာ မစွမ်းဆောင်နိုင်တော့သည့် သက်ကြီးရွယ်အိုများအတွက် ရပိုင်ခွင့်၊ ဘဝ လုံခြုံမှုနှင့် ခွဲခြားဆက်ဆံမှုတို့မှ ကင်းဝေးစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ယင်းတို့၏ စားဝတ် နေရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ အခြားဝင်ငွေ ရရှိနိုင်မည့် အခြား အခွင့်အလမ်းများ ရရှိခွင့်၊ အသင်း အဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အနားယူ အပန်းဖြေခွင့်၊ လူ့ဂုဏ်သိက္ခာ လေးစားလိုက်နာခွင့် စသည့် အခွင့်အရေး များ ရရှိရေးတို့ အတွက် ဆောင်ရွက်လျက်ရှိပြီး ယင်းအခွင့်အရေးများကို ဖောက်ဖျက်ကျူးလွန်သူများ မရှိစေ ရန် အတွက်လည်း ပတ်ဝန်းကျင် လူ့အသိုက်အဝန်းမှလည်း ဝိုင်းဝန်း စောင့်ရှောက်ကူညီပေးရမည် ဖြစ်သည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်ဖြစ်သည့် “Our Place” ဟူသည့် ဆောင်ပုဒ်အတိုင်း မိမိတို့၏ မိသားစု ဆွေမျိုးစသည့် အသိုက်အဝန်းရှိသော သူများကို ချစ်ခင်ကူညီ စောင့်ရှောက်ပေးသည့်အတိုင်း သက်ကြီးရွယ်အိုများကို ထိုကဲ့သို့ပင် ကူညီဆောင်ရွက် ပေးကြရန် လိုအပ်ပါသည်။ အရပ်သုံး စကားဖြစ်သည့် “အိုပယ်” ဟူသည့် စကားလို အိုမင်းလာလျှင် လူ့အသိုက်အဝန်းမှ ပစ်ပယ်ခြင်း မခံရအောင် ကူညီဖေးမဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းပြီး သက်ကြီးရွယ်အိုများ၏ လွတ်လပ်ခွင့်၊ ရပိုင်ခွင့် အစရှိသော ဂုဏ်သိက္ခာနှင့် အခွင့်အရေး အသီးသီး မဆုံးရှုံးစေရန်အတွက် ကူညီစောင့်ရှောက်ပံ့ပိုးပေးလျက် ရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၂ (က) တွင် “ နိုင်ငံတော်သည် အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည် ” ဟူသော အချက်ကိုပြဋ္ဌာန်းထားပြီး သက်ကြီးရွယ်အိုများကို နိုင်ငံတော်၏ အဖိုးတန်ရတနာကဲ့သို့တန်ဖိုးထား၍ ဂါရဝတရားဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။ မြန်မာယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ရာထူး၊ ဂုဏ်သိမ်၊ စည်းစိမ်ဥစ္စာ၊ ဆင်းရဲချမ်းသာ ဟူသော ပကာသန များ မပါဝင်ဘဲ သက်ရွယ်ကြီးရင့်မှုတည်း ဟူသော ဂုဏ်ပုဒ်ကို တန်ဖိုးထား၍ သက်ကြီးပူဇော်ပွဲများ ကျင်းပပြုလုပ် ပူဇော်ကန်တော့ကြသည်မှာ ချစ်စရာဓလေ့ပင်ဖြစ်ပါသည်။ အခွင့်အရေးဟု တွင်ကျယ်စွာ အော်ဟစ်ပြောဆိုနေသော နိုင်ငံကြီးများတွင် သက်ရွယ်ကြီးရင့်မှုဟူသော ဂုဏ်တစ်ခုတည်းကိုသာ အလေးဂရုပြု၍တန်ဖိုးထားပူဇော်ကြသည်မှာ မရှိသလောက် ရှားပါးသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင်သက်ကြီးရွယ်အိုအရေအတွက်တိုးပွားလာသည်နှင့်အမျှ ကူညီစောင့်ရှောက်ပံ့ပိုးပေးနေသည့် ဘိုးဘွားရိပ်သာများစွာ ပေါ်ပေါက်လာပြီး သက်ကြီးရွယ်အိုများကို မိမိတို့၏ မိဘသဖွယ် ပြုစုစောင့်ရှောက်နေသည်ကို တွေ့မြင်နိုင်ပါသည်။ အချို့မှာသားထောက်သမီးခံမရှိ၊ အချို့က ခိုကိုးရာမဲ့၊ အချို့က အနေအစား အဆင်မပြေ စသည့်ပုံစံအမျိုးမျိုးဖြင့် ဘဝနေဝင်ချိန်ကို ဖြတ်သန်း

နေရသောသက်ကြီးရွယ်အိုများကို ညှာတာထောက်ထားပြုစုကူညီပေးနေကြသည့် ဘိုးဘွားရိပ်သာများသည် သက်ကြီးတို့၏ ခိုလှုံရာ မိသားစုသဖွယ်ဖြစ်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ သားမြေးအရွယ်လူငယ်မောင်မယ်များကသက်ကြီးရွယ်အိုများကို ညှာတာထောက်ထားစာနာပြုစုမှုဖြင့် ၎င်းတို့၏ သိမ်ငယ်မှု၊ အားငယ်မှု၊စိတ်ပင်ပန်းဆင်းရဲမှုတို့ကို ပြေပျောက်စေကာ ဘဝ နေဝင်ချိန်ကို ငြိမ်းချမ်းစွာကြည်နူးမှုဖြင့်ဖြတ်ကျော်ရသဖြင့် ထူးခြားသောကောင်းမှုပြုခြင်းလည်း ဖြစ်ပါသည်။

လူတိုင်းလိုလို သက်ကြီးရွယ်အိုဘိုးဘွားများနှင့်အတူနေထိုင်ဖူးကြမည်ဖြစ်ပါသည်။ ဘိုးဘွားတို့၏ တတိယအရွယ်ဖြတ်သန်းမှု ရုန်းကန်ရှင်သန်လှုပ်ရှားမှုတို့ကိုမြင်တွေ့ဖူးမည်လည်း ဖြစ်ပါသည်။ မိမိတို့လည်း ဘိုးဘွားများကဲ့သို့အိုမင်းမစွမ်းဖြစ်လိမ့်မည်ဟုဝင်ရောက်ခံစားကြည့်ပါက ဘိုးဘွားတို့အပေါ်အကြင်နာမေတ္တာစိတ်များ၊ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်လာပါလိမ့်မည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၅(၁)အရအသက်အရွယ်အိုမင်းပြီး မတတ်စွမ်းနိုင်သောအခြေအနေများကြောင့် အသက်မွေးဝမ်းကြောင်းမပြုနိုင်ခြင်းတို့ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့် ရှိရမည်ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရပိုင်ခွင့်များ အတွက် ကုလသမဂ္ဂအထွေထွေ ညီလာခံ (၄၆/၉၁) က ချမှတ်ခဲ့သော အခြေခံမူများမှာ သက်ကြီး ရွယ်အိုများသည် စားဝတ်နေရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းကျန်းမာရေး စောင့်ရှောက်မှုများ ရရှိခွင့်၊ အဖွဲ့အစည်းများတွင်ပါဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်၊ ဂုဏ်သိက္ခာလေးစားထိုက်သူများ ဖြစ်စေခွင့် စသည့် အခွင့်အရေးများ ဖော်ပြထားပါသည်။ အသက်အရွယ်ကြောင့်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ ချန်လှပ်ထားရှိခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကင်းဝေးစွာ အသက်ရှည်ရှည်ကျန်းမာနေထိုင်နိုင်ရန် မျိုးဆက်သစ်လူငယ်များကသက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို မြှင့်တင် ကာကွယ်ပေးခြင်းသည်လည်း အသက်အရွယ်ကြီးရင့်မှုကို ဦးစားပေးအလေးထားသည့် လုပ်ငန်းစဉ် တစ်ရပ်ပင်ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှလည်း သက်ကြီးရွယ်အိုများအတွက် လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးခြင်း၊သက်ကြီးရွယ်အိုအခွင့်အရေးများကာကွယ်ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အခန်း (၈)၊ ဥပဒေပုဒ်မ (၂၅) တွင် ဖော်ပြချက်အရ ပုံမှန်ဝင်ငွေ ရရှိစေရန် လူမှုရေး ပင်စင်အဖြစ် တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတစ်ဝန်းရှိ ဘိုးဘွားရိပ်သာများ၊သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ အဘိုးအဘွားတို့၏ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိခြင်း ရှိ မရှိ၊ သန့်ရှင်းသော ပတ်ဝန်းကျင် အခြေအနေ ရှိ မရှိ၊ အဆင်ပြေလွယ်ကူစွာ သွားလာဆောင်ရွက်နိုင်ရန် လိုအပ်သောပစ္စည်းများ တပ်ဆင်ထားခြင်း ရှိ မရှိ၊ အပန်းဖြေအနားယူနိုင်သည့်နေရာ ရှိ မရှိ၊ ယုံကြည်ရာ ဘာသာအလိုက် ကိုးကွယ်နိုင်ရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ စသည့်တို့ကိုလည်း ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော SEANF, APF, GANGRIများနှင့် ပူးပေါင်း၍သက်ကြီးရွယ်အိုများ၏ အခွင့် အရေးများနှင့် ပတ်သက်၍ မူဝါဒများ၊ မြှင့်တင်၊ ကာကွယ်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သက်ကြီးရွယ်အိုများသည် ခေတ်အမျိုးမျိုးကိုဖြတ်သန်းလာခဲ့ကြသူများဖြစ်၍အကြောင်းအရာများ၏ ကောင်းကျိုးဆိုးပြစ်များကို သိရှိနားလည်ဝေဖန်ပိုင်းခြားနိုင်သူများလည်း ဖြစ်သည်။ ယင်းတို့၏ ဘဝနှင့်ရင်း၍ ရရှိခဲ့သော အတွေ့အကြုံများသည် မျိုးဆက်သစ်များအတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများပင်ဖြစ်သည်။ “ယနေ့လူငယ်၊ နောင်ဝယ်လူကြီး”ဆိုသည့်စကားအတိုင်းယနေ့ခေတ်လူငယ်များသည်လည်းအတိုင်းအတာတစ်ချိန်တွင်သက်ရွယ်ကြီးမားလာကြမည် ဖြစ်သည်။ သက်ကြီးများ၏ဘဝကိုကြိုတင်မျှော်မြင်၍ မိမိသာသက်ကြီးရွယ်အိုချိန်သို့ရောက်ရှိခဲ့လျှင် ဆိုသည့် စာနာစိတ်ဖြင့် ဖေးမကူညီစောင့်ရှောက်ပေးရမည်ဖြစ်သည်။ နေ့စဉ်ဘဝတစ်လျှောက်လှုပ်ရှားရုန်းကန်ဆောင်ရွက်ရင်းအချိန်နှင့်အမျှပြောင်းလဲနေသော အသက်အရွယ်ကို သတိမပြုမိ ကြဘဲ မွေးရက်နေ့လရောက်ရှိချိန်မှအသက်တစ်နှစ်ကြီးလာခြင်းကို မွေးနေ့ဟု သတ်မှတ်ကာပြုလုပ်နေကြသည်။ ငယ်ရွယ်စဉ်က အသက်အရွယ်ဘယ်

လောက်ဆိုတဲ့ အတိုင်းအတာကို အသက်ကြီးပြီဟု ထင်မှတ်ထားကြပြီး ကိုယ်တိုင်ထိုအသက်အရွယ်အချိန်ကို ရောက်သည့်အခါ အသက်မကြီးသေးဘဲ ငယ်ရွယ်နုပျိုဆဲဟု ထင်နေကြပါသည်။ အသက်အရွယ်ကြီးရင့်လာခြင်းသည် မယုံနိုင်သော်လည်း ငြင်းပယ်၍ မရသော အကြောင်းပင်ဖြစ်သည်။ ထိုသို့မယုံကြည်နိုင်ဘဲ ငြင်းပယ်၍ မရစွာ အသက်ရွယ်ကြီးလာခြင်းကို ဆင်ခြင်၍ မိမိသာ ထိုနေရာမှာဆိုလျှင် ဆိုသည့် စာနာမှုများ ထားရှိ၍ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ မဆုံးရှုံးစေရအောင် ကြိုးစားဆောင်ရွက်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုတို့၏ဘဝနေဝင်ချိန်မတိုင်မီ အချိန်ကို အပြုံးဖြင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်အောင်ကူညီဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ရေးသားဂုဏ်ပြုလိုက်ပါသည်။

လောကနတ်

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



စက်တင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆)ချက် ရွတ်ဆိုခြင်းကို အပတ်စဉ်တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

---

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း



စက်တင်ဘာလ ၂၄ ရက်

ကော်မရှင်ရုံး ဝန်ထမ်းများအတွက် သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၁၀-၉-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှ စားအုန်းဆီ တစ်ပိဿာလျှင် (၇,၅၀၀/-) ကျပ်နှုန်းဖြင့် (၂၀၆) ပိဿာအားဝယ်ယူ၍လည်းကောင်း၊ ၂၄-၉-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၇၅) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၃,၅၀၀/- ကျပ်နှုန်း ၊ ဧည့်မထ (၄၉) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၁၂,၅၀၀/- ကျပ်နှုန်းဖြင့် ကော်မရှင်ရုံးဝန်ထမ်းများအတွက် ဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်း လှုပ်ရှားဆောင်ရွက်ချက်များ

စက်တင်ဘာ ၃ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

စက်တင်ဘာ ၃ – သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (မရမ်းကုန်း) ၌ သင်ခန်းစာသွားရောက်ပို့ချခြင်း၊

စက်တင်ဘာ ၄ – လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) သို့ တက်ရောက်ခြင်း၊

စက်တင်ဘာ ၄ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျောက်တန်းမြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ မြို့နယ်တရားရုံးအချုပ်ခန်းနှင့် ကျောက်တန်းဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း၊

စက်တင်ဘာ ၅ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စတင်တည်ထောင်သည့် ၁၄ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်း၊

စက်တင်ဘာ ၈ – Learning Call on IHL သင်တန်းသို့ တက်ရောက်ခြင်း၊

စက်တင်ဘာ ၉ – Consultation in Conjunction with the 2025 SUHAKAM Day Celebration: အခမ်းအနားသို့ တက်ရောက်ခြင်း၊

စက်တင်ဘာ ၁၀– မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ပုသိမ်အကျဉ်းထောင်၊ ပုသိမ်မြို့ရှိ ရဲစခန်းအချုပ်ခန်းများနှင့် စက်တော်ရာဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေးခြင်း၊

စက်တင်ဘာ ၁၀– နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

စက်တင်ဘာ ၁၁– ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

စက်တင်ဘာ ၁၂– ၇၇ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပခြင်း၊

စက်တင်ဘာ ၁၆– စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

စက်တင်ဘာ ၁၈– ၂၀၂၆ လုပ်ငန်းစီမံချက် (Operational Plan) လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊

စက်တင်ဘာ ၁၈– မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း၊

စက်တင်ဘာ ၂၂– ကော်မရှင်ရုံးချုပ် (ရန်ကုန်) တွင် ခန့်ထားနိုင်ရေး ရုံးအကူများ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ခြင်း၊

စက်တင်ဘာ ၂၄– ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

စက်တင်ဘာ ၂၄– ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် ဆန်နှင့်ဆီများ ရောင်းချပေးခြင်း၊

စက်တင်ဘာ ၂၅– ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် ပဏာမစိစစ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တက်ရောက်ခြင်း၊

စက်တင်ဘာ ၂၅– ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

စက်တင်ဘာ ၂၅– မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း၊

စက်တင်ဘာ ၂၅– သဝဏ်လွှာနှင့် မိန့်ခွန်းများပြုစုရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊

စက်တင်ဘာ ၂၆– ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

စက်တင်ဘာ ၂၉– ကော်မရှင်ရုံး၏ လုပ်သက်ပြည့်မီသည့် အရာထမ်း/အမှုထမ်းများအား ရာထူးတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊

စက်တင်ဘာ ၃၀– မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ဆောင်ရွက်ခြင်း။

e-Newsletter, Vol. 4, No. 10, October 2025

# တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း တိုင်ကြားစာ (၅၈) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၁၀) မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၄) မှု ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားချက် (၃၉) မှုကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီး ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပြီး ဆောင်ရွက်ရန် ကျန်ရှိသည့်တိုင်ကြားစာ (၅) စောင်ရှိပါသည်။

********

# ENGLISH SECTION

Vol. 4, No. 10, October 2025

## Attending to The Central Committee on the Prevention of Human Trafficking Meeting (1/2025)

September 4

The Central Committee on the Prevention of Human Trafficking convened its meeting 1/2025 chaired by Lt. Gen. Tun Tun Naung, Union Minister of Home Affairs at Myanmar Police Force Headquarters in Areindama Hall on 4–9–2025 and U Kyaw Soe, Commissioner of MNHRC who is a member of the Committee attended the meeting online and discussed about the Human Rights Promotion and Protection activities of MNHRC and the future plans of the Commission.

## The Myanmar National Human Rights Commission inspects Kyauktan Police Lock–up, Court Detention Center and Kyauktan Home for the Aged

September 4

The inspection team led by Commissioners Dr. Than Myint and U Tin Ko Ko conducted an inspection visit to the Kyauktan Police Lock–up, Court Detention Center and Kyauktan Home for the Aged, in Kyauktan Township, Thanlyin District, Yangon Region on 4–9–2025, in accordance with the Section Sections 43 and 43 of the Commission's Law.

At Kyauktan police Lock–up and Court Detention Center, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred during the investigation, and whether there were opportunities to meet with family members, as well as the arrangements for food provision during the court appearance period, the disposal of sewage, and the overall cleanliness of the facilities and whether the conditions of access to meet with family members and legal assistance during the court appearance period.

During the visit, the inspection team met with the elderly residents in their living quarters and assessed a range of conditions, including the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. They also inquired arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above and extended warm words of encouragement to the (22) elderly individuals residing at the facility.

The inspection team will send its findings and recommendations to the relevant department in accordance with Commission's law, for necessary action.

## Myanmar National Human Rights Commission Inspects Pathein Prison, Pathein Police Lock-ups and Sat Taw Yar Home for the Aged

September 10

An Inspection team led by Commissioners, U Tin Aung and U Than Win, conducted the inspection of Pathein Prison, Sat Taw Yar Home for the Aged and Pathein Police lock-ups in Pathein Township, Ayeyarwaddy region from 9 to 10 September 2025 respectively, in accordance with the Section 43 and 44 of the Commission's Law.

During the inspection, the inspection team met with prisoners and detainees in the dormitories and inquired into matters relating to their fundamental rights, including an adequate food supply, access to healthcare facilities and referral to external hospitals for treatment depending on illnesses, and provision of sufficient purified water. The team also inquired and interviewed about the receipt of items issued by the prison and those sent by family members, as well as whether the prisoners were allowed family visits. Additionally, the team look over and assessed the conditions for physical activities, the right to practice religion in accordance with their faith, provision of vocational trainings. In addition, the team inquired whether there were instances of human rights violations or torture by prison officials and fellow inmates. The inspection team also met with the (28) family members who came to visit prisoners and asking whether they faced any difficulties in meeting their relatives or in sending items to the prisoners. Moreover, the team conducted private and confidential interviews with 15 prisoners and detainees who requested to meet separately, and recorded their statements.

Then the inspection team inspected various facilities within the Pathein Prison, including the dormitories, prison clinic, library, family visit area, kitchen, dining room, food warehouse, water purifiers, and the cleanliness of toilets. Additionally, the MNHRC donated knowledgeable books for the benefit of the prisoners.

At the Sat Taw Yar Home for the Aged, the inspection team met the elderly in their dormitories and assessed whether they had access to their fundamental human rights guarantees, including freedom and fairness, and whether they were receiving care in accordance with international standards, based on compassion and respect for human dignity. The inspection team also examined the conditions of the provision of healthcare services, food and nutritional support, access to clean drinking and household water, freedom of religion and belief, and the overall hygiene and sanitation standards of dormitories, bathrooms, toilets, and kitchens. The team also inquired about arrangements for recreation and relaxation, the accessibility of pension payments for eligible residents, and the availability of social pension support for those aged 85 and above. The team inquired about the measures taken for the enjoyment of secular benefits and transcendental merits for the elderly as well as arrangement for ease in mind and body of the elderly. Moreover, the team extended warm words of encouragement to the (41) elderly individuals residing at the facility.

At Pathein Myoma Police Lock-up and Pathein Local Police Lock-up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred while in custody, and whether there were opportunities to meet with family members, as well as the arrangements for food provision during the court appearance period, the disposal of sewage and the overall cleanliness of the facilities, the conditions

of meeting with family members and access to legal assistance during the court appearance period.

The inspection team will send its findings and recommendations to the relevant department in accordance with Commission's law, for necessary action.

## The Myanmar National Human Rights Commission, led by the Member of Commission U Kyaw Myint Inspected Prison, Detention Centre and and Police Lock-up

September 18

An inspection team led by Commissioners, U Kyaw Myint, conducted the inspection of Yamethin Prison and Yamethin Police Lock-up in Yamethin Township, Mandalay Region, and Kingthar (1), and Kingthar (2) Labour Camps in Tatkon Township, Naypyidaw Region from 17 to 18 September 2025, respectively, in accordance with Sections 43 and 44 of the Commission's Law.

During the inspection at Yamethin Prison on 17 September 2025, the inspection team met with the prisoners and detainees in the dormitories and inquired into matters relating to their fundamental rights, including an adequate food supply, access to healthcare arrangements for referral to external hospitals for treatment depending on illness, and provision of sufficient purified water. The team also inquired and interviewed about the receipt of items issued by the prison and those sent by family members, as well as whether the prisoners were allowed family visits. Additionally, the team evaluated the conditions for physical activities, the right to practice religion in accordance with their faith, and the provision of vocational trainings. In addition, the team inquired whether there were instances of human rights violations or torture by prison officials and fellow inmates. The inspection team also met with the family members who came to visit prisoners and asked whether they faced any difficulties in meeting their relatives or in sending items to the prisoners. Moreover, the team conducted private and confidential interviews with (3) prisoners and detainees who requested to meet separately and recorded their statements.

During the inspection at Kingthar (1), and Kingthar (2) Labour Camps under the Department of Prisons on 18 September 2025, the inspection team gathered and met with prisoners in the dormitories and assessed whether the prisoners had access to their fundamental rights, including an adequate food supply, access to healthcare, and provision of sufficient purified water, whether the prisoners were allowed family visits, and the right to freedom of religion. The team also inquired about the receipt of the items issued by the prisoners and items sent by their family. Additionally, the team evaluated the conditions for physical activities, workplace safety measures, and whether or not prisoners were required to work overtime, any instances of discrimination in the workplace and investigated any instances of human rights violations or torture in the workplace, and conducted private and confidential interviews with (7) prisoners who requested to meet separately and recorded their statements. Then the inspection team inspected various facilities within the Yamethin Prison, including the dormitories, prison clinic, library, family visit area, kitchen, dining room, food warehouse, water purifiers, and the cleanliness of toilets, as well as the inspection that had followed up and checked according to the previous recommendations.

Additionally, the MNHRC donated knowledgeable books for the benefits of the prisoners at Yamethin Prison, Kingthar (1), and Kingthar (2) labour camps.

At Yamethin Police Lock-up, the MNHRC team inspected the conditions of detainees during the remand period, whether any torture occurred while in custody, and whether there were

opportunities to meet with family members, as well as the arrangements for food provision during the court appearance period, the disposal of sewage, and the overall cleanliness of the facilities, the conditions of meeting with family members, and access to legal assistance during the court appearance period.

The inspection team will send its findings and recommendations to the relevant department in accordance with the Commission's law for necessary action.

## Police Officers Given Human Rights Lecture by MNHRC

September 11

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, the Director of the Commission office, covered subjects such as human rights at the Criminal Records Officer Course No. (20/ 2025) and the Investigation Officer Training Course No. (84/ 2025) held at the Police Officer Tactical Training Institute (Mandalay) on 11 September 2025 from 07:30 to 09:50 and from 12:30 to 14:50. In this context, the Director presented the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 284 police officers including 51 female police officers attended the aforementioned courses.

## Police Officers Given Human Rights Lecture by MNHRC

September 25

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. U Zaw Lwin Htoo, the Director of the Commission office, presented the lectures on human rights at the Police Township Commander Training Course No. (66/ 2025) hosted by the Police Officer Tactical Training Institute (Mandalay) on 25 September 2025 from 07:30 to 09:50. In this context, the Director covered lectures on the Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. The lecturer was followed by the question and answer section. A total of 50 trainees attended the aforementioned course.

## Myanmar National Human Rights Commission Statement No. (11/2025)

September 21

The United Nations was established to safeguard and promote global peace and security free from the perils of World Wars and conflicts that had brought immense suffering to humankind. In order to ensure that efforts for peace would be more effective and successful, 21 September 1981 was designated as the International Day of Peace.

Peace is a fundamental necessity for all of humanity to live in safety and security. As stated in the Universal Declaration of Human Rights, peace is the foundation for everyone. Likewise, the United Nations Declaration on the Right to Peace (2016) affirms that peace is indispensable for the full enjoyment of all human rights. Furthermore, all nations are giving special attention and efforts to "The promotion of peace and justice" as outlined in the UN Sustainable Development Goal 16.

It is heartening to learn that Myanmar is preparing to commemorate the 10th anniversary of the signing of the Nationwide Ceasefire Agreement (NCA), which is a historic milestone in the efforts to achieve a lasting and sustainable peace based on justice.

The theme for the International Day of Peace 2025 is "Act Now for a Peaceful World." As all citizens long for peace, every individual is also urged to contribute responsibly and conscientiously in their respective capacities, so that the right to peace may be fully enjoyed by all humanity. With this call to collective action from today onwards, we honor the International Day of Peace.

## MNHRC Delivers Lecture on Child Rights at Civil Service Academy (Lower Myanmar)

September 10

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Daw Mi Mi Khaing, the Deputy Director of the Commission office, covered the lecture on Child Rights at the Special Refresher Course for Basic Education Teachers Course No. (110), hosted by the Civil Service Academy (Lower Myanmar) on 10 September 2025 from 7:30 to 11:20. A total of 393 trainees including 361 female trainees attended the course mentioned above. The lecturer was followed by the question and answer section.

## MNHRC Gives Human Rights Lecture at Elderly Daycare Center (Mayangone)

September 3

The Myanmar National Human Rights Commission (MNHRC) is continuously carrying out activities to effectively implement the promotion and protection of human rights, in accordance with Section 22 (a) of the Commission Law. The Commission has developed an operational plan aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executing its tasks accordingly.

U Kaung Khant Zin, the Assistant Director of the Commission office, addressed the lectures on human rights at the "Caregiver for Elders Course No. (18)" which commenced at the Elderly Daycare Center (Mayangone) on 3 September 2025 from 09:00 to 16:00.

In this regard, the Assistant Director focused the lectures on the Human Rights Concept, Universal Declaration of Human Rights, Older Persons Rights, Organization and Functions of Myanmar National Human Rights Commission. The lecturer responded to inquiries from the trainees. A total of 11 trainees including 9 female trainees attended the aforementioned course.

## MNHRC Conducts Human Rights Lecture at BSI Training School (Taungoo)

September 16

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Kaung Khant Zin, the Assistant Director of the Commission office, addressed the lectures on human rights at the Capacity Building Investigation Officer Course No. (8), which commenced at the Investigation Training School (Taungoo) of Bureau of Special Investigation on 16 September 2025 from 08:00 to 11:50. In this regard, the Assistant Director focused the lecture on Human Rights Norms. The lecturer

then responded to the trainees questions. A total of 19 trainees including 1 female trainees attended the course mentioned above.

## Status of Handling Complaints

During September 2025, MNHRC received 43 Complaints. The complaint investigation team held 4 complaint screening meeting for examining the complaints and 4 complaints were referred to the departments concerned. In 12 case, the complaints were advised on more appropriate remedies. The 20 cases were recorded in accordance with the MNHRC Law. 7 letters of complaints remain in September.

*****

# ဆက်သွယ်ရန် လိပ်စာများ



အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

**Website: https://mnhrc.org.mm**

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီ
လမ်းထောင့်၊ ရွှေကြာပင်
ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်း
အနောက်ရပ်ကွက်၊ ချမ်းအေး
သာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်
ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e–Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e–government@mnhrc.org.mm